# “မိမိတို့ မျှဝေထမ်းရွက်သောတာဝန်”

## ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံအတွက် ဒေသခံပြည်သူများ၏ကြံ့ခိုင်မှု ပိုမိုခိုင်မာအားကောင်းစေရေး အရပ်ဘက်လူထုအစုအဖွဲ့များ၏ ဆောင်ရွက်မှုများ

### အစီရင်ခံစာအနှစ်ချုပ်နှင့် အဓိကအကြံပြုတိုက်တွန်းချက်များ

ဤအစီရင်ခံစာကို အထက်တွင် လိုဂိုဖော်ပြထားသော အဖွဲ့အစည်းများအပြင် LGBT Alliance Myanmar၊ တွဲလက်များ အဖွဲ့၊ နှင့် အမည်မဖော်ပြလိုသော အဖွဲ့အစည်းနှစ်ဖွဲ့ အပါအဝင် မြန်မာအရပ်ဘက်လူထု အဖွဲ့အစည်း စုစုပေါင်း (၁၈) ဖွဲ့တို့က ပူးတွဲရေးသားထားသည်။

## အစီရင်ခံစာအနှစ်ချုပ်

မြန်မာစစ်အုပ်စု၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တရားမဝင် အာဏာသိမ်းရန်ကြိုးပမ်းမှု နောက်ပိုင်းတွင် စစ်အုပ်စု၏ အာဏာရှင်စနစ်ကို အဆုံးသတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးကို ရည်ရွယ်သည့် ယခင်ကတစ်ခါမျှ မရှိခဲ့ဖူးသော ပြည်သူ့တော်လှန်ရေးတစ်ရပ် ထွက်ပေါ်လာခဲ့သည့်တစ်ချိန်တည်းတွင် စစ်အုပ်စုသည် နိုင်ငံကို ဆိုးရွားလှသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွင်းသို့ တွန်းပို့ခဲ့သည်။ ၂၀၂၁ ခုနှစ်ကတည်းက စစ်အုပ်စုသည် ပြည်သူများ၏ ခုခံတွန်းလှန်မှုအပေါ် လက်တုံ့ပြန်ရန် စုပေါင်းပြစ်ဒဏ်ခတ်သည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု၊ မြေပြင်တိုက်ခိုက်မှု၊ တရားလက်လွတ်ဖမ်းဆီးမှုနှင့် ချုပ်နှောင်မှု၊ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှု၊ နှင့် အကူအညီထောက်ပံ့မှုများကို ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်တားဆီးမှုတို့အပါအဝင် ပြည်သူများအပေါ် ၎င်းတို့၏ အကြမ်းဖက်ရေး လှုပ်ရှားမှုများကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။ မြန်မာပြည်သူများသည် ယင်း ရက်စက်ကြမ်းကြုတ်မှုများကို ရင်ဆိုင်နေရသည့်တိုင် နိုင်ငံ၏ လွတ်မြောက်နယ်မြေများတွင် အောက်ခြေမှအထက်သို့ ဦးတည်သည့် အုပ်ချုပ်ရေးစနစ်တည်ထောင်ခြင်း၊ နှင့် သဘာဝဘေးအန္တရာယ်နှင့် စစ်အုပ်စုက ဖန်တီးလိုက်သည့် ကပ်ဘေးများဒဏ် ခံရသူများအား စုစည်းမှုရှိပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုရှိသော လုပ်ကိုင်ဆောင်ရွက်ချက်မှတစ်ဆင့် အချင်းချင်း ကူညီဖေးမမှုများကို လုပ်ဆောင်ကာ ကိုယ့်မြေကိုယ့်ရေတွင် ဖြစ်ထွန်းသည့် နိုင်ငံရေးအသွင်ကူးပြောင်းမှု တစ်ရပ်ကို ဖော်ဆောင်နေသည်။

**စစ်အုပ်စုမှ အမြီအခိုကင်းလွတ်လပ်စွာ လုပ်ကိုင်လှုပ်ရှားနေကြသော မြန်မာအရပ်ဘက်လူထု အစုအဖွဲ့များသည် ဒေသခံပြည်သူများ၏ကြံ့ခိုင်မှု ပိုမိုခိုင်မာအားကောင်းစေရန် စုံလင်ကွဲပြားပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် လုပ်ငန်းစဉ်များဖြင့် လက်ရှိအခိုက်အတန့်ကို ကျော်ဖြတ်ကာ ယခုအချိန်တွင် ရှိနေသည့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များမှသည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီအနာဂတ်ဆီသို့ ပေါင်းကူးချိတ်ဆက်ပေးနေသည်။** ယင်းအစုအဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသက်ကယ်ရေး အထောက်အပံ့များ ပေးပို့ခြင်း၊ ရေရှည်တည်တံ့သော ဒေသခံများ၏ စီစဉ်ဆောင်ရွက်မှုများကို ဖော်ဆောင်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း၊ နှင့် လက်ရှိလုပ်ဆောင်နေသည့် အားလုံးပါဝင်မှုရှိပြီး အောက်ခြေမှအထက်သို့ဦးတည်သော ဖက်ဒရယ်စနစ် တည်ဆောက်ရေးအား ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်နေကြသည်။ ထိုအစုအဖွဲ့များထဲတွင် အရပ်ဘက်လူထု အဖွဲ့အစည်းများ (civil society organizations - CSOs)၊ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ

(community-based organizations - CBOs)၊ CSO/CBO ကွန်ရက်များ၊ နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူ အုပ်စုများ ပါဝင်သည်။

မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် စုံလင်ကွဲပြားသော အရပ်ဘက်လူထုအစုအဖွဲ့ (၂၈) ဖွဲ့ထံမှ အရည်အသွေးအခြေပြုသုတေသန အချက်အလက်ကောက်ယူမှုအပေါ် အခြေခံ၍ ဤအစီရင်ခံစာတွင် မြန်မာအရပ်ဘက်လူထုအစုအဖွဲ့များက ဒေသခံပြည်သူများ၏ ကြံ့ခိုင်မှု ပိုမို ခိုင်မာအားကောင်းစေရန် အောက်ပါကူညီထောက်ပံ့မှုများမှတစ်ဆင့် မည်ကဲ့သို့လုပ်ဆောင်နေကြပုံကို သာဓကများဖြင့် ရေးသားဖော်ပြထားသည်။

- **မြန်ဆန်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ** - အစားအစာ၊ ငွေသား၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နှင့် ခိုလှုံရာနေရာကဲ့သို့ မြန်မာနိုင်ငံ၏ အထိခိုက်အလွယ်ဆုံးသော လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို တိုက်ရိုက်တုံ့ပြန်ဆောင်ရွက်ပြီး စစ်အုပ်စု၏ တိုက်ခိုက်မှုဒဏ် ခံရပြီး နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ လက်လှမ်းမမီသည့် ဒေသများတွင်၊ လူထုအသိုင်းအဝိုင်း၏ နက်ရှိုင်းသော ယုံကြည်မှုအပေါ် အခြေပြုသည့် အသက်ကယ်ရေး အရေးပေါ်လိုအပ်ချက်များနှင့်ကိုက်ညီသည့် အကူအညီများကို ပံ့ပိုးပေးခြင်း။
- **ရေရှည်တည်တံ့သော လူထုအသိုင်းအဝိုင်း၏ လုပ်ငန်းစဉ်များ** - အစားအစာဖူလုံရေး၊ မိမိကိုယ် မိမိ မှီခိုအားထားရေး၊ လူထုအသိုင်းအဝိုင်း ပေါင်းစည်းညီညွတ်မှုရှိရေး၊ စိတ္တလူမှုဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းတို့ အားကောင်းလာစေရေးအတွက် ရပ်ရွာလူထု ဦးဆောင်သည့် စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်း၊ အသေးစား အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် ရပ်ရွာလူထုကျန်းမာရေး စောင့်ရှောက်မှုများကို မြှင့်တင်ပေးခြင်း။
- **အောက်ခြေမှအထက်သို့ ဦးတည်သောဖက်ဒရယ်ဝါဒနှင့် လူ့အခွင့်အရေး** - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကာကွယ်ပေးခြင်း၊ လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့်ပတ်သက်၍ ပညာပေးခြင်း၊ အမျိုးသမီးနှင့်လူငယ်များမှ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း၊ အထူးသဖြင့် နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်သည့်ဖြစ်စဉ်နှင့် အောက်ခြေမှအထက်သို့ ဦးတည်သည့် အုပ်ချုပ်ရေး တည်ထောင်ရာတွင် တက်ကြွစွာပါဝင်နိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။

ဤလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာအရပ်ဘက်လူထုအစုအဖွဲ့များသည် ရုပ်ပိုင်းဆိုင်ရာ နှင့် ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ တိုက်ခိုက်မှုများ၊ နှင့် လျှို့ဝှက်ထောက်လှမ်းမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အဟန့်အတားများ၊ ရန်ပုံငွေရရှိရေး နှောင့်နှေးကြန့်ကြာ

မှုများ၊ နှင့် အလှူရှင်အစိုးရများ၏ ကြီးမားသော ရန်ပုံငွေဖြတ်တောက်မှုများ အပါအဝင် အလွန်ပင်များပြားလှသော စိန်ခေါ်မှုများကို ရင်ဆိုင်ကြရသည်။ အထူးသဖြင့် ပြုလွယ်ပြင်လွယ်သော လုံလောက်သည့်ရန်ပုံငွေ ထောက်ပံ့မှု နည်းပါးနေသည့်အခြေအနေကို ပိုမို၍ ခက်ခဲသွားစေသည်မှာ များပြားလှသော အစီရင်ခံတင်ပြမှုဆိုင်ရာ သတ်မှတ်ချက်များက ယင်းအစုအဖွဲ့များ၏ "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး" ချဉ်းကပ်မှုအပေါ်တွင်သာမက ၎င်းတို့၏ ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဘေးကင်းမှုနှင့် လုံခြုံမှုတို့ အပေါ်တွင်လည်း ကြီးမားသောစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာသည်။ ယင်း စိန်ခေါ်မှုများရှိနေသည့်တိုင် မြန်မာအရပ်ဘက်လူထုအစုအဖွဲ့များသည် ဆယ်စုနှစ်များချီသော လုပ်ငန်းကျွမ်းကျင်မှု၊ နက်ရှိုင်းသော သိကျွမ်းနားလည်မှု၊ နှင့် လျင်မြန်ပြီး လိုက်လျောညီထွေသော လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြန်မာလူမှု အသိုင်းအဝိုင်းများအတွက် ပြည်သူမှပြည်သူသို့ သွေးစည်းညီညွတ်မှုနှင့် အတူတကွ မျှဝေထမ်းရွက်ရမည့်တာဝန် ရှိသည်ဟူသော အသိစိတ်တို့ဖြင့် မြေပြင်ပေါ်ရှိ လိုအပ်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်နေကြသည်။

အဆိုပါအမှီအခိုကင်း လွတ်လပ်သော မြန်မာအရပ်ဘက်လူထုအစုအဖွဲ့များသည် ရက်စက်ကြမ်းကြုတ်သော စစ်အုပ်စုလက်အောက်မှ လွတ်မြောက်ပြီး အားလုံးပါဝင်မှုရှိသော၊ တရားမျှတသော၊ ငြိမ်းချမ်းသော အနာဂတ်အတွက် ဒီမိုကရေစီအုတ်မြစ်များ ချမှတ်ပေးနေသည့် တစ်ချိန်တည်းတွင် လူ့အသက်များကို ကယ်တင်ခြင်းအားဖြင့် ဝန်များကို မျှဝေထမ်းရွက်နေကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ၎င်းတို့၏ ဆက်လက်ကြိုးပမ်းအားထုတ်နေမှုများကို ကူညီပံ့ပိုးပေးရန်နှင့် မြန်မာပြည်သူများအပေါ် စစ်အုပ်စုမှ နောက်ထပ်ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်နိုင်သည့် လမ်းကြောင်းများကို ပိတ်ပင်တားမြစ်ပေးရန် အခြေခံမူနှင့်ကိုက်ညီသော ဆောင်ရွက်ချက်ကို အရေးပေါ် အမြန်ဆုံး လုပ်ဆောင်ရမည် ဖြစ်သည်။

# အဓိကအကြံပြုတိုက်တွန်းချက်များ

***နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူရှင်များ***

- တရားမဝင်မြန်မာစစ်အုပ်စုနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေး ထိတွေ့ဆက်ဆံမှုများအပါအဝင် ချိတ်ဆက်ဆောင်ရွက်မှုအားလုံးကို ချက်ချင်းဖြတ်တောက်ရန်၊ နှင့် နိုင်ငံတကာနှင့်ဒေသတွင်း ဖိုရမ်များမှတစ်ဆင့် အပါအဝင် စစ်အုပ်စုအား မှားယွင်းသော တရားဝင်မှုပေးနေခြင်းကို ရပ်တန့်ရန်၊
- ကမ္ဘာလုံးဆိုင်ရာ လက်နက်နှင့်လေယာဉ်ဆီ တင်ပို့ရောင်းချမှု ပိတ်ဆို့ခြင်း အပါအဝင် မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများ နောက်ထပ်မဖြစ်ပွားစေရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများအားလုံး လုပ်ဆောင်ရန်၊
- လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတကာနှင့် မြန်မာပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ပူးပေါင်းပြီး မြန်မာစစ်ဗိုလ်ချုပ်များနှင့် အခြားသော ရက်စက်ကြမ်းကြုတ်လုသည့်ရာဇဝတ်မှု ကျူးလွန်သူများမှ နိုင်ငံတကာဥပဒေအောက်တွင် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး ဖြစ်နိုင်သမျှ လမ်းကြောင်းများအားလုံးမှတစ်ဆင့် အရှိန်မြှင့်ဆောင်ရွက်ရန်၊
- အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ နှင့် တိုင်းရင်းသားနှင့် ဒေသဆိုင်ရာ အတိုင်ပင်ခံကောင်စီများနှင့် အုပ်ချုပ်ရေးအဖွဲ့များအပါအဝင် အောက်ခြေမှ အထက်သို့ဦးတည်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် မူဘောင်ကျကျ တရားဝင် ထိတွေ့ဆက်ဆံရန်၊
- နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို လိုက်နာမှုရှိစေရန် ပြည်သူလူထုဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့များ၊ ဒီမိုကရေစီနည်းကျ အဆောက်အအုံများ၊ နှင့် မြန်မာနိုင်ငံ၏ ဒေသတွင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ တရားဥပဒေစိုးမိုးရေးကို ပံ့ပိုးပေးခြင်းအပါအဝင် ရက်စက်ကြမ်းကြုတ်သော စစ်အုပ်စုကို အဆုံးသတ်ရေးနှင့် အားလုံးပါဝင်မှုရှိသော အောက်ခြေမှအထက်သို့ဦးတည်သော ဖက်ဒရယ် ဒီမိုကရေစီထူထောင်ရေးအတွက် မြန်မာလူထု၏ ကြိုးပမ်းအားထုတ်မှုများကို အခိုင်အမာ ထောက်ခံပံ့ပိုးပေးရန်၊ နှင့်
- နယ်စပ်အခြေပြုလမ်းကြောင်းများမှတစ်ဆင့် အကူအညီအထောက်အပံ့များ ပေးပို့ရာတွင် တိုင်းရင်းသား အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားသော မြန်မာအရပ်ဘက်လူထုအစုအဖွဲ့များအပါအဝင် ယုံကြည်စိတ်ချရသော ရှေ့တန်း

မျက်နှာစာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများအတွက် ဘဏ္ဍာရေး အကူအညီ တိုးမြှင့်ပေးရန်၊ ၎င်းတို့၏ ပံ့ပိုးကူညီမှုကို အသိအမှတ်ပြုရန်နှင့် ၎င်းတို့အား တန်းတူညီမျှမှုရှိသော မိတ်ဖက်များအဖြစ် ဆက်ဆံရေးတည်ဆောက်ရန်။

***အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ လူမျိုးစု ကောင်စီများ၊ နှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ***

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့နှင့် အခြားသောအကူအညီပံ့ပိုးမှုများကို အထိခိုက်အလွယ်ဆုံးသော ပြည်သူများ၊ အထူးသဖြင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင် ရသူများထံ ရောက်ရှိစေရန်အတွက် ဒေသခံပြည်သူများဦးဆောင်သည့် နယ်စပ်အခြေပြု လမ်းကြောင်းများကို ပံ့ပိုးကူညီပေးရေး တစ်ညီတညွတ်တည်းတောင်းဆိုရန်၊
- တော်လှန်ရေးအင်အားစုများအနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဥပဒေများနှင့် သက်ဆိုင်သည့် ကျင့်ထုံးများကို အမှန်တကယ်လိုက်နာစေရေး ဆောင်ရွက်ခြင်း၊ နှင့် ဒေသခံပြည်သူများအား တော်လှန်ရေးအင်အားစုများ၏ စစ်ဆင်ရေးနှင့်ပတ်သက်၍ ကြိုတင်အသိပေးရေးအပါအဝင် လိုအပ်သည့် အစီအမံများအားလုံးကို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာပြည်သူများ၏ လုံခြုံရေးကို ဦးစားပေးဆောင်ရွက်ရန်၊ နှင့်
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးပို့ရာတွင် "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး" နှင့် ခွဲခြားဆက်ဆံမှုမရှိစေရေး အခြေခံမူများကို မြှင့်တင်လုပ်ဆောင်ရန်နှင့် လေးစားလိုက်နာရန်။